## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
## (၁၄)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

(တနင်္လာနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၇၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၆၄)ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်

ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေ ခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင် ပြပါ့မယ်။

ဦးပေါထန်ထိုင်း၊ ချင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစံပြည့်၊ ကချင်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ကိုယ်ရေးကိုယ်တာ။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညီညီထွန်း၊ မွန်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညွှန့်လှိုင်၊ ဧရာဝတီ(၄)၊ သင်တန်းတက်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ သင်တန်းတက်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ သင်တန်းတက်။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ပြည်ပခရီး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဗိုလ်မှူးဝင်းကျော်ကျော်၊ တပ်မတော်၊ တာဝန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခေါ်)ကိုပေါက်၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ပြည်ပခရီး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ပြည်ပခရီး။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ပြည်ပခရီး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ပြည်ပခရီး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင် (ခေါ်)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြ ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့် ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၇)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက် ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပြည်နယ်လေးခုကို ဖြတ်သန်းသွားသော သံလွင်မြစ်ကြီးအား သယ်ယူပို့ဆောင်ရေးအတွက် အသုံးချရန် အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာပူးပေါင်း၍ ရေကြောင်းလမ်း ချောမွေ့စေရန် ပြင်ဆင်ပြီး အသုံးချသွားရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးလှဆွေ က ပြည်နယ်လေးခုကို ဖြတ်သန်းသွားသော သံလွင်မြစ်ကြီးအား သယ်ယူပို့ဆောင်ရေးအတွက် အသုံးချရန် အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာပူးပေါင်း၍ ရေကြောင်းလမ်းချောမွေ့စေရန် ပြင်ဆင်ပြီး အသုံးချသွားရန် အစီအစဉ် ရှိ/ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်နယ်လေးခုကို ဖြတ်သန်းသွားသော သံလွင်မြစ်ကြီးကို သယ်ယူပို့ဆောင်ရေးအတွက် အသုံးချရန် အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာပူးပေါင်းပြီးတော့ ရေကြောင်းလမ်းချောမွေ့စေရန် ပြင်ဆင်ပြီး အသုံးချသွားရန် အစီအစဉ် ရှိ/ မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ ကုန်ကျစရိတ်အသက်သာဆုံးနဲ့ ကုန်တန်ချိန်အများဆုံး သယ်ယူပို့ဆောင်ပေးနိုင်တာဟာ ရေလမ်းကြောင်းခရီးဖြစ်တယ်ဆိုတာကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း သယ်ယူပို့ဆောင်ရေးအတွက် ပြည်တွင်းသယ်ယူပို့ဆောင်ရေးအတွက် ဧရာဝတီမြစ်ကြီးကို လက်ရှိအသုံးပြုနေသော်လည်းပဲ ကီလိုမီတာ(၂၀၀၀)ကျော်၊ မိုင်အားဖြင့်(၁၇၈၀)လောက်ရှိတဲ့ သံလွင်မြစ်ကြီးမှာတော့ ကျွန်တော်တို့ သယ်ယူပို့ဆောင်ရေးအတွက် အသုံးမဝင်ဘဲနဲ့ အလဟဿနှမြောစရာကောင်းလှတဲ့ အခြေအနေဖြစ်နေတယ်။ ဒါဟာနိုင်ငံအတွက် နစ်နာမှုတစ်ရပ်လို့ဆိုနိုင်ပါတယ်။ သံလွင်မြစ်ကြီးဟာ ရှမ်းအရှေ့၊ ရှမ်းတောင်၊ ရှမ်းမြောက်၊ ကယား၊ ကရင်၊ မွန်ပြည်နယ် အတွင်းကနေ ဖြတ်သန်းသွားတာဖြစ်ပြီးတော့ တစ်ချိန်တုန်းကတော့ ဒီသံလွင်မြစ်ကိုမှီခိုပြီးတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေ ခိုအောင်းကျက်စားရာဒေသ ဖြစ်တာကြောင့်လည်းကောင်း၊ ရေစီးကြမ်းခြင်း၊ ကျောက်ဆောင်ကျောက်တုံးများ ပေါများခြင်းကြောင့်လည်းကောင်း သံလွင်မြစ်ကို စီးပွားဖြစ်အသုံးမချနိုင်ခဲ့ပါဘူး။

သို့သော်လည်းပဲ ယခုအခါမှာ လက်နက်ကိုင်အဖွဲ့အစည်းများကလည်း အပစ်အခတ်ရပ်စဲပြီးတော့ ငြိမ်းချမ်းရေး ရောင်နီသမ်းလာပြီ ဖြစ်တဲ့အတွက်ကြောင့် ဒီမြစ်ကြီးကို အသုံးပြုပြီးတော့ မြစ်ရိုးတစ်လျှောက်ဒေသတွေမှာ လှေ၊ သင်္ဘောတွေ၊ ဆိပ်ကမ်းတွေ ဖွံ့ဖြိုးစည်ကားလာမယ်ဆိုရင် လက်နက်ကိုင်များလည်း ပပျောက်သွားမယ်။ အဲဒီအတွက်လည်း အထောက်အကူပြုမယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ ရေထဲမှာလည်း ရှိနေတဲ့ကျောက်ဆောင်ကျောက်တုံးများကို သင်္ဘောတွေသွားလာဖို့ လွယ်ကူ

စေရန်အတွက် ဖောက်ခွဲရေးနည်းပညာနဲ့ အသုံးပြုပြီးတော့ ရှင်းလင်းမယ်ဆိုရင် ခက်ခဲတဲ့ကိစ္စမဟုတ်ဘူး လို့လည်း သိရပါတယ်။ ပြီးခဲ့တဲ့သီတင်းကျွတ်ကာလက ကျွန်တော်ကိုးကန့်ဒေသကို ရောက်တဲ့အခါမှာ ကိုးကန့်ဒေသ ခေါင်းဆောင်အချို့က သံလွင်မြစ်ရှင်းလင်းရေးနှင့် အသုံးချရေးအတွက် မိမိတို့ကို တာဝန် ပေးမယ်ဆိုရင် လုပ်ဆောင်နိုင်ကြောင်း၊ ရေကြောင်းသွားလာရေးအတွက် ကိုးကန့်မှ မော်လမြိုင်အထိ သင်္ဘောတွေ၊ ပြေးဆွဲ ကုန်စည်စီးဆင်းစေနိုင်တယ်လို့ သူတို့က ကျွန်တော်နဲ့ ဆွေးနွေးကြပါတယ်။ သံလွင် မြစ်ကြီးဖွံ့ဖြိုးစည်ပင်ခြင်းဟာ ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြစ် ကြောင်းတစ်လျှောက် မငြိမ်းချမ်းသောဒေသများ ပိုမိုငြိမ်းချမ်းလာစေရေးအတွက် အထောက်အကူပြု မည်လို့ ထင်မြင်ယူဆမိပါတယ်။ ဒါ့အပြင် ဒီမြစ်ကြီးမှာပဲ အဆင့်မြင့်ဇိမ်ခံ သင်္ဘောတွေ သွားလာပြီးတော့ နိုင်ငံခြားသားများကို ဆွဲဆောင်ရာမြစ်ကြီးအဖြစ်လည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ သံလွင်မြစ်ကို သယ်ယူ ပို့ဆောင်ရေးအတွက် အသုံးဝင်အောင်ပြုလုပ်ပေးခြင်းအားဖြင့် အစစအရာရာဘက်စုံ အကျိုးသက်ရောက်မှု ရှိကြောင်းတွေ့ရမှာဖြစ်ပြီးတော့ အဲဒီလိုဆောင်ရွက်ရန် အစိုးရမှ ငွေကုန်ကြေးကျခံစရာမလိုဘဲနဲ့ ပုဂ္ဂလိက ကဏ္ဍမှ ဆောင်ရွက်လိုသော တိုင်းရင်းသားကုမ္ပဏီ အများအပြားရှိကြောင်းလည်း သိရပါတယ်။

ဒါကြောင့်မို့လို အထက်ပါမေးခွန်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေး စားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ တက်ရောက်လာကြတဲ့ ဧည့်သည် တော်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ လေးစားစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ပြည်နယ်လေးခုကို ဖြတ်သန်း သွားသော သံလွင်မြစ်ကြီးအား သယ်ယူပို့ဆောင်ရေးအတွက်အသုံးချရန် အစိုးရ၊ ပုဂ္ဂလိက၊ နိုင်ငံတကာ ပူးပေါင်း၍ ရေကြောင်းလမ်း ချောမွေ့စေရန် ပြင်ဆင်ပြီး အသုံးချသွားရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့မေးခွန်း နဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့သံလွင်မြစ်ဟာဆိုရင် တရုတ်နိုင်ငံ၊ တိဘက်ကုန်းမြင့်ဒေသကနေပြီး မြစ်ဖျားခံစီးဆင်းလာပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ ရှမ်းကုန်းမြေမြင့်ကို ထပ်မံဖြတ်သန်းစီးဆင်းသဖြင့် မြစ်ကမ်းပြင်ဆင်ခြေလျှောမှာ မတ်စောက်သည့်အတွက်၊ နောက် ကျွန်တော် တို့ ကျောက်တုံးကျောက်ဆောင်များလည်း ပေါများတဲ့အတွက်ကြောင့်မို့လို့ ရေစီးသန်တဲ့ မြစ်တစ်စင်းဖြစ် ပြီးတော့ ရေကြောင်းသွားလာရေးမှာ လွန်စွာအခက်အခဲရှိတဲ့ မြစ်တစ်ခုဖြစ်ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့သံလွင်မြစ်ရဲ့အောက်ပိုင်းမှာတော့ ကျွန်တော်တို့ ဒီမြစ်ဝ မော်လမြိုင်က နေပြီးတော့ ရွှေဂွန်းအထိ အလျား (၃၈၀) ကီလိုမီတာခန့်ကိုတော့ ကျွန်တော်တို့ ရေကြောင်းသွားလာရေး အတွက် အသုံးပြုလျက်ရှိပါတယ်။ ကျွန်တော်တို့ ရေသယံဇာတအရင်းအမြစ်ဖြစ်တဲ့ သံလွင်မြစ်ကို အကျိုး ရှိစွာဖြင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအတွက် အသုံးပြုနိုင်ပါက ပြည်ထောင်စုအတွင်းမှာ ကူးလူး ဆက်ဆံမှု ကုန်စည်ပို့ဆောင်မှုများ ပိုမိုချောမွေ့လာမှာ ဖြစ်တယ်ဆိုတာ ဦးလှဆွေ မေးခွန်းမှာ ပါတဲ့အတိုင်း ဒါတွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်အခြေပြု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ကလည်း ဒါပိုမိုဖွံ့ဖြိုးလာမှာလည်းဖြစ်ပါတယ်။ ဒီလိုသံလွင်မြစ်ကြောင်း ရေကြောင်းပို့ဆောင်မှုဖွံ့ဖြိုးရေးကို စိတ်ဝင်စားတဲ့ တိုင်းရင်းသားရင်းနှီးမြုပ်နှံသူများ ပါဝင်ဆောင်ရွက်နိုင်မယ် ဆိုလို့ရှိရင်တော့ နိုင်ငံတော်နဲ့ ပုဂ္ဂလိကနှစ်ဦးနှစ်ဖက်အတွက် အကျိုးရှိနိုင်မှာလည်းဖြစ်ပါတယ်။ ဒီလိုသံလွင်မြစ်ကို ရေကြောင်းသယ်ယူ ပို့ဆောင်ရေးမှာအသုံးပြုဖို့ ဆောင်ရွက်နိုင်စေရန်အတွက်ကတော့ သံလွင်မြစ်ရဲ့ ရေစီးအားကို ထိန်းချုပ် ပြုပြင်ရန်လိုအပ်မှာဖြစ်သလို ဒီလိုမြစ်ကြောင်းလမ်းလည်း ရှင်းလင်းဆောင်ရွက်ရမှာဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။

ကျွန်တော်တို့ မြစ်ကြောင်းတစ်လျှောက် အသေးစိတ်တိုင်းတာရေးများ ပြုလုပ်ပြီးတော့ ရရှိ လာတဲ့ ရေလမ်းမြေပုံများပေါ်မှာမူတည်ပြီးတော့ ဖြစ်မြောက်နိုင်စွမ်း ရှိ/ မရှိ Feasibility Study ကို ဦးစွာ လေ့လာဆန်းစစ်ပြီးတော့မှသာလျှင် ရေကြောင်းသယ်ယူပို့ဆောင်ရေးမှာ အသုံးချနိုင်ဖို့အတွက် မြစ်ကြောင်း ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ဖြေကြားပေးနိုင်ရန် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ ဒီမေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ သံလွင်မြစ်ကြောင်း ရေကြောင်းပို့ဆောင်မှု ဖွံ့ဖြိုး ရေးအတွက် လုပ်ငန်းရှင်များမှ ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ ဖိတ်ခေါ်ကြိုဆိုပါကြောင်းနှင့် ဒီသံလွင်မြစ်ကို အပိုင်းလိုက်ခွဲပြီးတော့ သယ်ယူပို့ဆောင်ရေးအတွက် အသုံးချနိုင်မှု ရှိ/မရှိ သုတေသန ပြုလုပ်သွားရန်နဲ့ သုတေသန ပြုလုပ်ပြီးစီးမှုကိုတင်ပြရန် ဆိုပြီးတော့ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှလည်း ကျွန်တော်တို့ ဖေဖော်ဝါရီလ (၇)ရက်စွဲပါစာအမှတ် ၂၉/၄၄၅/(၁- အမသ)/အဖရ (၂၀၁၄) ဖြင့် ညွှန်ကြားထားပြီး ဖြစ်ပါသဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဒီအစိုးရအဖွဲ့ရုံးရဲ့ ညွှန်ကြားချက်၊ သုတေသနပြုပြီးတော့ ပြန်လည်တင်ပြဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်ထားသောဒေသတွင် ပေါက်ရောက်သော သစ်ပင်၊ ဝါးပင်များကို သစ်တော ဌာနမှ ၎င်းတို့ ပိုင်ဆိုင်သည်ဟု ဖော်ပြနေခြင်းသည် တရားမျှတမှု ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ဘိုးစဉ် ဘောင်ဆက် ပိုင်ဆိုင်ထားသောဒေသတွင် ပေါက်ရောက်သော သစ်ပင်၊ ဝါးပင်များကို သစ်တောဌာနမှ ၎င်းတို့ပိုင်ဆိုင်သည်ဟု ဖော်ပြနေခြင်းသည် တရားမျှတမှု ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ အားလုံးကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ငြိမ်သက်ခြင်းများ အမြဲတမ်းရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ဘိုးစဉ်ဘောင်ဆက်ကစပြီးမှပိုင်ဆိုင်ထားတဲ့ သစ်ပင်၊ ဝါးပင်များကို သစ်တောဌာနကနေပြီးမှ စီမံခန့်ခွဲမှုအပေါ်မှာ ဒီဟာတရားမျှတမှု ရှိပါသလားဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ပုဂံခေတ်ကနေစပြီးမှ ယနေ့အထိ ပီပီပြင်ပြင် ရှိပါသော်လည်း ကျွန်တော်တို့ချင်းပြည်နယ်ရဲ့သမိုင်းအကြောင်းကတော့ အဲဒီလောက်မရှိပါဘူး။ ခန့်မှန်းခြေအားဖြင့်ကတော့ ကျွန်တော်တို့ ၁၄ ရာစု လောက်ကနေပြီးမှ ကလေး၊ ကဘော်နောက် ယောနယ်ကနေပြီးမှစတင်ပြီးမှ တောင်ပေါ်ကိုတက်ကြတယ်လို့ ကျွန်တော်တို့ပြောစကားရှိပါတယ်။ အဲဒီတက်တဲ့အခါမှာလည်းပဲ တစ်ရွာနဲ့တစ်ရွာခိုက်ရန်ဖြစ်ပြီးမှ တိုက်ကြ၊ ခိုက်ကြတာလည်းရှိပါတယ်။ နောက်ပိုင်း စော်ဘွားများခေတ် ရောက်တဲ့အခါကျတော့ တောညာဘက်မှာဆိုရင် ဦးဖိုစွန်မန်းတို့၊ နောက် ကျွန်တော်တို့ ဖလမ်းမြို့နယ်မှာဆိုရင် ဦးဗိုလ်ဆွန်ပက်တို့၊ ဦးထန်းတီလျန်တို့၊ ဟားခါးဘက်မှာ တို့ဆိုရင် ဦးကျုံးမောင် တို့၊ အဲဒီလိုနဲ့ စော်ဘွားကြီးများ ပေါ်ပေါက်လာတဲ့အခါကျတော့ ကိုယ့်စော်ဘွားကြီး အချင်းချင်း နားလည်မှုရယူပြီးမှ ဒီတိုက်တာ၊ ခိုက်တာမရှိတော့ဘဲနဲ့ ကိုယ့်နယ်မြေ၊ သူ့နယ်မြေ၊ သူ့ရွာ၊ ကိုယ့်ကျေးရွာဆိုပြီးမှ သတ်သတ်မှတ်မှတ်နဲ့ ဖော်ပြပါတယ်။ အဲဒီနယ်နိမိတ်သတ်မှတ်တဲ့အခါမှာလည်း ဒီတောင်ကုန်းတောင်တန်းကို အခြေပြုပြီးတော့မှသတ်မှတ်သလို အောက်ဘက်မှာဆိုရင်လည်းပဲ ရေချောင်း၊ စမ်းချောင်းတို့ မြစ်ရေတို့ အဲဒါကို သတ်မှတ်ပြီးမှ ကျွန်တော်တို့ ဒီနယ်စပ်ကို သတ်မှတ်တာရှိပါတယ်။

ဆိုတဲ့အခါကျတော့ သစ်တောအနေနဲ့ ကျွန်တော်တို့ရွာပိုင်ကို ကျွန်တော်တို့ ရွာသားတွေက သူကြီးကနေပြီးမှ ဦးဆောင်ပြီးမှ ဒီကိုယ့်ပိုင်နယ်မြေထဲမှာပေါက်ရောက်တဲ့ သစ်ပင်တွေကို ကျွန်တော်တို့ အတတ်နိုင်ဆုံး မီးမလောင်အောင်လည်း ကျွန်တော်တို့ ကာကွယ်ပေးခဲ့ပါတယ်။ နောက်ကျွန်တော်တို့ အိမ်အတွက်သော်လည်းကောင်း၊ တောင်ယာခုတ်ရမယ့်အချိန်မှာသော်လည်းကောင်း၊ နောက်လိုအပ်တဲ့ ထင်းမီးအတွက်သော်လည်းကောင်း ခုတ်ထွင်တဲ့အခါမှာ ကျွန်တော်တို့ ရွာသူကြီးနဲ့ညှိနှိုင်းပြီးမှ ကောင်းကောင်းမွန်မွန်၊ အေးအေးချမ်းချမ်းနဲ့ ကျွန်တော်တို့လုပ်ကိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ အနေအထားအရ ပေါက်ရောက်တာ အများဆုံးကတော့ ထင်းရှူးပင် ဖြစ်ပါတယ်။ ထင်းရှူးပင်ကိုလည်းပဲ ကျွန်တော်တို့အစိုးရအနေနဲ့ ကျွန်းသစ်သဖွယ်သတ်မှတ်ပြီးမှ၊ အဖိုးတန်ရတနာပစ္စည်းတွေလို သတ်မှတ်တဲ့အခါကျတော့ တစ်ကယ့် တကယ်တမ်း ထင်းရှူးပင်ကို ကြည့်မယ်ဆိုရင်တော့ ကျွန်းသစ်လောက် အဆင့်မမှီပါဘူး။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ပေါက်ရောက်တဲ့ သစ်ပင်ဖြစ်တဲ့ အတွက်ကြောင့် ချင်းလူမျိုးများ အဲဒါကို အားကိုးပြီးမှ အိမ်ဆောက်တာနဲ့ အသုံးပြုရတာများပါတယ်။

နောက် ကျွန်တော်တို့ သိရသလောက်ဆိုရင်တော့ အဲဒီထင်းရှူးပင်ကို အစိုးရဌာနက သော်လည်းကောင်း၊ ကုမ္ပဏီများကသော်လည်းကောင်း စီးပွားဖြစ် နိုင်ငံခြားပို့ဆောင်မှု၊ ဒီအတိုင်းသယ်ယူမှု

လည်း၊ ခုတ်ထွင်နိုင်မှုလည်း ဒီနေ့အထိ ကျွန်တော်မသိရသလောက် ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော့် မေးခွန်းမှာ မေးတဲ့အတိုင်းပဲ ကျွန်တော်တို့ ရွာကနေပြီးတော့မှ ကျွန်တော်တို့ အိမ်ဆောက်ဖို့ရာအတွက် ထင်းခုတ် အဲဒါကို ခွဲပြီးမှ၊ လွှဆွဲပြီးမှ အဲဒီအပင်ကို အိမ်ဆောက်တဲ့အခါမှာလည်း သစ်တောဌာနကနေပြီးမှ သူတို့ကလာပြီးမှ စောဒကတက်ပါတယ်။ ဒါလည်းကျွန်တော်တို့ဒေသခံတွေက သဘောပေါက် နားမလည် နိုင်အောင်ဖြစ်ပါတယ်။ နောက် ထင်းအတွက် ခုတ်တဲ့အခါမှာလည်းပဲ သစ်တောဌာနကနေပြီးမှ နည်းနည်း အနှောင့်အယှက်ပေးတတ်ပါတယ်။ အဲဒါကကျတော့လည်း အရင်တုန်းကတော့ တောင်ယာလုပ်တဲ့ နေရာ မှာ သစ်ပင်ခုတ်ပြီးမှ တောင်ယာစိုက်ပျိုးလုပ်ကြပါတယ်။ နောက်ပိုင်းကျတော့ ရာသီဥတုဖောက်ပြန်တဲ့ အခါမှာ အခုနောက်ပိုင်းဆိုရင်တော့ ရာသီဥတုဖောက်ပြန်မှုကြောင့် အဲဒီသစ်ပင်ခုတ်ဖို့ကလည်း နဲနဲ ချင့်ချင့်ချိန်ချိန်နဲ့ ခုတ်ရတာ ရှိလာပါတယ်။ တောင်ယာခုတ်မဲ့အစား ရေပန်းအားဖြင့် Permanent Farm ပေါ့။ အတည်တကျ လယ်ယာလုပ်ငန်းကို၊ တောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ကျွန်တော်တို့ အိမ်ဆောက်တဲ့အခါမှာ အဲဒီမှာကျွန်တော်တို့သိရသလောက်ဆိုရင် အိမ်သစ်ဆောက်လို့ရှိရင် သစ်တောဌာန ကနေပြီးမှ အိမ်တစ်ဆောင်ကို ဘယ်လောက်၊ ဘယ်လောက်ဆိုပြီးမှ ပိုက်ဆံကောက်တတ်ပါတယ်။ ဒီ ပိုက်ဆံကောက်တာကျတော့ ကျွန်တော်တို့ဘယ်ရောက်၊ မရောက်ဆိုတာကတော့ အဲဒီလောက်ထိ ကျွန်တော် တို့ကြည့်စရာမလိုဘူးလို့ ယူဆပါတယ်။ ဒါပေမဲ့ မည်သည့်မည်ပုံအတွက်ကြောင့် အဲဒီလို သစ်တောဌာန ကနေပြီးမှ ပိုက်ဆံကောက်သလဲဆိုတာလည်း ကျွန်တော်တို့နားမလည်နိုင်အောင် ဖြစ်ရပါတယ်။ အဲဒါ ကြောင့် မေးခွန်းထဲမှာ မေးတဲ့အတိုင်း ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်ထားတဲ့ဒေသမှာ ပေါက်ရောက်သော သစ်ပင်၊ ဝါးပင်များကို သစ်တောဌာနမှ ၎င်းတို့ ပိုင်ဆိုင်သည်ဟု ဖော်ပြနေခြင်းသည် တရားမျှတခြင်း ရှိ/မရှိ ဆိုတာကို ကျွန်တော်ဒေသခံ ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် ကျွန်တော်မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**
။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ချင်းပြည်နယ်အမှတ်(၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ရဲ့ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်ထားတဲ့ဒေသမှာ ပေါက်ရောက်သော သစ်ပင်၊ ဝါးပင်များကို သစ်တောဌာနမှ ၎င်းတို့ပိုင်ဆိုင်သည်ဟုဖော်ပြနေခြင်းသည် တရားမျှတမှု ရှိ/မရှိ သိရှိလိုသည့် မေးခွန်း နှင့် စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ သစ်တောစီမံအုပ်ချုပ်မှုကို ၁၈၅၆ ခုနှစ်က စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပြီး ချင်းပြည်နယ်မှာတော့ ပထမဆုံးသစ်တော ကြိုးဝိုင်းများဟာ ၁၉၀၁ ခုနှစ်က စတင်

ပြီးတော့ ဖွဲ့စည်းခဲ့တယ်လို့ မှတ်တမ်းများအရ သိရှိနိုင်ပါတယ်။ မင်းတပ်မြို့နယ်မှာ ဒန္ဒီတိုးချဲ့ကြိုးဝိုင်းနဲ့ ကြီးကြိုးဝိုင်း၊ ထိုနည်းအတူပဲ ပလက်ဝမြို့နယ်မှာ ရူးချောင်းကြိုးဝိုင်း ဒါတွေဟာ ၁၉၀၁ ခုနှစ်မှာ တည်ထောင်ခဲ့တဲ့ ကြိုးဝိုင်းများဖြစ်ပါတယ်။ ၁၉၁၂ ခုနှစ်မှာ မင်းတပ်-ကန်ပက်လက်မြို့နယ်မှာရှိတဲ့ ကျောက်စစ်တိုးချဲ့၊ နောက်မင်းတပ်မြို့နယ် ကြီးတိုးချဲ့၊ ၁၉၀၈ ခုနှစ်မှာ တီးတိန်နဲ့ တွန်းဇံမြို့နယ်မှာ နတ်မြောင်၊ ၁၉၀၉ ခုနှစ်မှာ ဖလမ်းနဲ့ တီးတိန်မြို့နယ်မှာရှိတဲ့ ဆီးရင်းစသည်ဖြင့် ဒီသစ်တောကြိုးဝိုင်းတွေဟာ ၁၉၃၈ ခုနှစ်အထိ ကျွန်တော်တို့ ယခင်ကိုလိုနီဘဝမှာပြန်ပြီးတော့ ဒါတွေကိုသူတို့စနစ်တကျ စီမံဆောင်ရွက်ခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ထိုနည်းအတူပဲ လွတ်လပ်ရေးရရှိပြီးတဲ့ နောက်ပိုင်းမှာ ကြိုးဝိုင်းတော(၃)ခု၊ ကြိုးပြင်ကာကွယ်တော (၁၃)ခု ဆက်လက်ဖွဲ့စည်းခဲ့ပါတယ်။ ခေတ်အခါအလျောက် ကျွန်တော်တို့ မြို့ပြကျေးရွာ စိုက်ပျိုးမြေများ တိုးချဲ့မှုကြောင့် အချို့ ဖွဲ့စည်းပြီးကြိုးဝိုင်းတောများကို လိုအပ်ချက်နဲ့အညီ ပယ်ဖျက်ပေးခဲ့သလို လက်ရှိလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ လွတ်လပ်ရေးနေ့မတိုင်မီက ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ကြိုးဝိုင်းပေါင်း ဧရိယာ(၃၂၂၄၀၃)ဧက ရှိခဲ့ပြီး လွတ်လပ်ပြီးခေတ်နောက်ပိုင်းမှာ ကျွန်တော်တို့ ကြိုးဝိုင်းကြိုးပြင်တော ဧရိယာဟာ(၉၂၂၀၂၄)ဧက စုစုပေါင်း ကြိုးဝိုင်းတော၊ ကြိုးပြင်တော၊ ကာကွယ်တောဟာ (၁၂၄၄၄၂၇)ဧက ရှိပါတယ်။ သစ်တောများကို ကျွန်တော်တို့ သဘာဝတော တန်ဖိုးမကျဆင်းစေဘဲ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စီမံအုပ်ချုပ်ပြီး သစ်တောများမှ မှန်တမ်းထွက်ရှိနိုင်တဲ့ သစ်နဲ့ သစ်တောထွက်ပစ္စည်းများကို စနစ်တကျ ထုတ်ယူသုံးစွဲရန်၊ ပြည်သူတို့ရဲ့ သစ်၊ ထင်း၊ ဝါး လိုအပ်ချက်များကို အစဉ်တစိုက် ဖြည့်ဆည်းပေးနိုင်ရန်အပြင် ရေဝေရေလဲဒေသများမှာရှိတဲ့ ရေမြေသဘာဝနဲ့ ဇီဝမျိုးစုံမျိုးကွဲများ၊ ၎င်းတို့ရဲ့ ခိုလှုံရာ နေရင်းဒေသများကို ထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှာ ကြိုးဝိုင်းတောများ၊ ကြိုးပြင်တောများကို ဥပဒေနဲ့အညီ ဖွဲ့စည်းကာကွယ်စောင့်ရှောက်လျက် ရှိပါတယ်။

ချင်းပြည်နယ်မှာ တောင်ပေါ်အမြဲစိမ်းတောနဲ့ ထင်းရှူးတောများ ပေါက်ရောက်ရာဒေသ ဖြစ်သလို ဖော်ပြပါရည်ရွယ်ချက်များနှင့် အကောင်အထည်ဖော်နိုင်ရန်အတွက် သင့်လျော်သော နေရာဒေသများမှာ ကြိုးဝိုင်းတောများကို အစဉ်အဆက် အလေးထားပြီးတော့မှ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ကြိုးဝိုင်းတောများကိုဖွဲ့စည်းရာမှာ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ သစ်ပင်သစ်တောများ ဖုံးလွှမ်းလျက်ရှိတဲ့ မြေကိုသာလျှင် ကြေးတိုင်လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။ ကြိုးဝိုင်းတော ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်၊ အဆိုပြုကြိုးဝိုင်းတော အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး မြို့နယ် သို့မဟုတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးကို ကြေးတိုင်အရာရှိအဖြစ်ခန့်အပ်ကာ ဒေသခံပြည်သူများ ဖွဲ့စည်းမယ့် ကြိုးဝိုင်းတောအတွင်းမှ ရရှိမယ့်ခံစားလိုတဲ့ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို တောင်းဆိုနိုင်ရန်လည်း အသိပေး ကြေညာဆောင်ရွက်ရပါတယ်။

ဒေသခံပြည်သူများရဲ့ မိမိသုံးအတွက် သစ်၊ တိုင်၊ မျော၊ ထင်း၊ ဝါး၊ လျှော်အပါအဝင် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်၊ တောင်ယာခုတ်ခွင့်၊ စားကျက်ချခွင့်၊ သက်ကယ်ရိတ်ခွင့် အစရှိတဲ့ ဆိုင်ရာဆိုင်ရာများကို အခွင့်အရေးများတောင်းဆိုလာမှုနှင့် ပတ်သက်၍ ကြေးတိုင်အရာရှိက စိစစ်ညှိနှိုင်းခွင့်ပြုပြီး စီမံဆောင်ရွက်ပေးရပါတယ်။ အဆိုပြု ကြိုးပြင်၊ ကြိုးဝိုင်းတောအလယ်မှာ အကယ်၍ အခြေတကျတည်ရှိနေတဲ့ လယ်မြေများ၊ လူနေအိမ်ခြေများ ပါရှိခဲ့လို့ရှိရင် ကြိုးဝိုင်းတောမြေ အဖြစ်နဲ့ ဖွဲ့စည်းခြင်းမပြုဘဲ ချန်လှပ်ကွက် (Exclusion)အဖြစ်နဲ့ ဖွဲ့စည်းရန်လည်း ကြေးတိုင်အရာရှိက စိစစ်ညှိနှိုင်းရ

ပါတယ်။ ယင်းသို့ဒေသခံပြည်သူများညှိနှိုင်းရရှိတဲ့ ဆိုင်ရာဆိုင်ခွင့်များ၊ အခွင့်အရေးများ၊ နယ်နိမိတ်သတ်မှတ်ချက်များ ဖော်ပြထားတဲ့ ကြိုးဝိုင်းတောဖွဲ့စည်းကြောင်း အမိန့်ကြော်ငြာစာကို အစိုးရအဖွဲ့အစည်းအဝေးမှာ သဘောတူညီချက်နဲ့ထုတ်ပြန်ပြီးတော့မှ ကြိုးဝိုင်းတောများကိုဖွဲ့စည်းရခြင်း ဖြစ်ပါတယ်။

ဖွဲ့စည်းတည်ထောင်ထားရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများရဲ့ စီမံအုပ်ချုပ်ရာမှာ ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်ရေးဟာ အရေးကြီးတဲ့ သစ်တောလုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ကုလားတန်မြစ်ရဲ့ ရေဝေရေလဲဒေသဖြစ်တဲ့ ပလက်ဝဒေသ၊ မင်းဘူးနဲ့ ယောနယ်တို့ရဲ့ ရေဝေရေလဲဖြစ်တဲ့ မင်းတပ်၊ ဟားခါးဒေသ၊ ချင်းတွင်းမြစ်ရဲ့ ရေဝေရေလဲဖြစ်တဲ့ ဖလမ်း၊ တီးတိန်ဒေသတို့တည်ရှိပြီး ရေဝေရေလဲဒေသများ၊ မြစ်ချောင်းများနဲ့ ဆည်များ ရေရှည်တည်တံ့စေရေးနဲ့ ရေမြေထိန်းသိမ်းကာကွယ်ရေးအတွက် ဧရိယာပေါင်း(၁၉၇၉၄၇)ဧကကို ရေဝေရေလဲ စီမံအုပ်ချုပ်မှုလုပ်ငန်းအဖြစ် ရေဝေရေလဲ အလုပ်တိုက်နယ် (Watershed Working Circle)များဖွဲ့စည်းပြီး စီမံဆောင်ရွက်လျက် ရှိပါတယ်။ ချင်းပြည်နယ်ရှိ သဘာဝသစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် တောင်ပေါ်အမြဲစိမ်း တောနဲ့ထင်းရှူးတောများ ရေရှည်တည်တံ့စေပြီး ဒေသအတွင်း ရေမြေရာသီဥတု ညီညွတ်မျှတစေသည့် အပြင်ဒေသခံပြည်သူများရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့နည်းကျဆင်းရေးနဲ့ အခြေခံလူနေ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်တဲ့အပြင် ရေဝေရေလဲဒေသများကို ရေမြေသဘာဝ ထိန်းသိမ်းကာကွယ်နိုင်မှာ ဖြစ်တဲ့အတွက် အကြေအရပ်ဒေသမှာရှိတဲ့ လူမှုဘဝထိခိုက်ပျက်စီးမှုကိုလည်း တားဆီးကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။

တောင်ပေါ်ဒေသဖြစ်တဲ့ ချင်းပြည်နယ်ရှိ သဘာဝသစ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြင့် တောင်ပေါ်အမြဲစိမ်းတော၊ ထင်းရှူးတောများ ရေရှည်တည်တံ့စေသကဲ့သို့ ရေမြေသဘာဝနဲ့ ရာသီဥတုညီညွတ်မျှတစေသည့်အပြင် ၎င်းတို့ရဲ့အကျိုးဆက်အဖြစ် မြစ်ချောင်းများ ရေရှည်တည်တံ့ပြီး အကြေအရပ်မှာရှိတဲ့ ပတ်ဝန်းကျင်နဲ့ လူမှုစီးပွားရေးဘဝများကို တစ်ဖက်တစ်လမ်းကအထောက်အကူပြုမှာဖြစ်ပါတယ်။ အမှန်စင်စစ် နိုင်ငံတစ်ဝှမ်းရှိသစ်တောများကို နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများရဲ့ ဘဝရှင်သန်ရပ်တည်ရေးအတွက် များစွာအထောက်အကူပြုမယ့်အပြင် လယ်ယာစိုက်ပျိုးရေးအတွက် အဓိကကျတဲ့ ရာသီဥတုမျှတကောင်းမွန်မှု၊ ရေရရှိမှုစတဲ့ ပံ့ပိုးဖြည့်ဆည်းပေးတဲ့ ရေအရင်းအမြစ်များပဲဖြစ်ပါတယ်။ လက်ရှိကာလ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများရဲ့ အဓိကအကြောင်းအရင်းတစ်ရပ်မှာ သစ်တောပြုန်းတီးမှုကြောင့်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်အတွက် အရေးပါတဲ့ သစ်တောများကို ရှေးအစဉ်အဆက်ကပင် အလေးထားစီမံထိန်းသိမ်းကာကွယ် အုပ်ချုပ်ခဲ့ပါသော်လည်း ကျွန်တော်တင်ပြခဲ့သလို လူဦးရေတိုးပွားလာမှုကြောင့်၊ ဖြစ်ပေါ်လာတဲ့ လိုအပ်ချက်များကြောင့် သစ်တောများဟာ တဖြည်းဖြည်း ပြုန်းတီးလာပြီး ကမ္ဘာ့နိုင်ငံများနည်းတူ ပြုန်းတီးလျက်ရှိပါတယ်။

သို့ပါ၍ မျက်မှောက်ကာလမှာ သစ်တောပြုန်းတီးမှု တားဆီးကာကွယ်ရေးနဲ့ ထိန်းသိမ်းရေးလုပ်ငန်းများကို အစိုးရသာမက တစ်နိုင်ငံလုံးရှိတဲ့ ပြည်သူလူထုနဲ့ အဖွဲ့အစည်းပေါင်းစုံမှ အထူးအလေးထားဆောင်ရွက်ကြဖို့ ဝေဖန်ပြောဆို ဆောင်ရွက်လျက်ရှိကြတာကို အားလုံးအသိပဲဖြစ်ပါတယ်။ လက်ရှိ ချင်းပြည်နယ်ရဲ့ သစ်တောဖုံးလွှမ်းမှုပမာဏကို ဆန်းစစ်တွက်ချက်ကြည့်ပါက ၁၉၇၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ သစ်တောဧရိယာ(၆၀၈၄၇၉)ဧကလျော့နည်းခဲ့ပြီး ရွက်အုပ်ပိတ်တောမှရွက်အုပ်ဖွင့်တော ကျွန်တော်

တို့(၂၁၈၂၉၅)ဧကပြောင်းလဲသွားပါတယ်။ တစ်နည်းပြောရရင် ရွက်အုပ်ပိတ်မှ ရွက်အုပ်ဖွင့်ကိုပြောင်းလဲခြင်းသည် သစ်တောပြုန်းတီးမှုကို ဖော်ပြခြင်းသာဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ သစ်တောပြုန်းတီးရတဲ့ အဓိကအကြောင်းရင်းတွေကို လေ့လာဆန်းစစ်ရင် အဓိကအကြောင်းတရားကတော့ ကျွန်တော်တို့ ရွှေ့ပြောင်းတောင်ယာစနစ် ဒီအပြင်တရားမဝင်သစ်နဲ့ထင်း အလွန်အကျွံခုတ်လှဲမှု၊ မမှန်မကန်တဲ့နည်းလမ်းများဖြင့် တရားမဝင်ထင်းရှူးဆီထုတ်လုပ်မှု၊ တောမီးလောင်ကျွမ်းမှုတို့ဖြစ်ကြောင်း လေ့လာတွေ့ရှိကြရမှာဖြစ်ပါတယ်။

ဖော်ပြပါ အခြေအနေအကြောင်းများကြောင့် ချင်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးရှိ သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် ပြုန်းတီးမှုကာကွယ်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနဟာ သစ်တောဦးစီးဌာနကိုဖွဲ့စည်းပြီး ၁၉၉၂ ခုနှစ်မှာ သစ်တောဥပဒေ၊ ၁၉၉၅ ခုနှစ်မှာ သစ်တောနည်းဥပဒေများနဲ့အညီ နိုင်ငံပိုင်သစ် အဖိုးမဖြတ်နိုင်တဲ့သစ်တောသယံဇာတများကို နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ကိုယ်စား စနစ်တကျစီမံဆောင်ရွက်လျက်ရှိခြင်းသာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ သစ်တောမူဝါဒပြဋ္ဌာန်းချက်များနဲ့အညီ သစ်တောသယံဇာတများ၊ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့်နည်းတူ သစ်တောထွက်ပစ္စည်းများကိုထုတ်လုပ်ခြင်း၊ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ ရေးဆွဲဆောင်ရွက်ရပါတယ်။ ဒေသခံပြည်သူများ အထူးသဖြင့် သစ်တောနဲ့နီးစပ်တဲ့ ကျေးလက်နေပြည်သူများအတွက် အခြေခံသစ်၊ ထင်း၊ ဝါး လိုအပ်ချက်များကို သစ်တောထွက်ပစ္စည်း ဖြည့်ဆည်းပေးနိုင်ရေးအလို့ငှာ သစ်တောဥပဒေပုဒ်မ ၁၇၊ သစ်တော နည်းဥပဒေပုဒ်မ ၃၀ အရ စနစ်တကျ ထုတ်လုပ်ခွင့်ပြုလျက်ရှိပါတယ်။ အထူးသဖြင့် ချင်းပြည်နယ်ကဲ့သို့ ဝေးလံခေါင်းပါးပြီး သွားလာမှုခက်ခဲတဲ့ဒေသများမှာ အလေးထားဆောင်ရွက်ပေးလျက် ရှိပါတယ်။

အလားတူ သစ်တောများကို ဒေသခံပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ထိန်းသိမ်းစိုက်ပျိုးပြီး ထုတ်ယူသုံးစွဲနိုင်တဲ့ နည်းလမ်းတစ်ရပ်ဖြစ်တဲ့ ၁၉၉၅ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းလုပ်ငန်းညွှန်ကြားချက်များနဲ့အညီ သက်ဆိုင်ရာပြည်နယ်အတွင်းမှာ ဒေသခံပြည်သူများဟာ ၎င်းညွှန်ကြားချက်များအရ မြေငှားခပေးဆောင်ရန်မလိုဘဲ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ပြီး ကိုယ်တိုင်ပါဝင်ထိန်းသိမ်းစိုက်ပျိုးပြီးလျှင် မိမိတို့အသုံးအတွက်သာမက အကျိုးစီးပွားအတွက်ပါ ထုတ်ယူသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဖော်ပြပါနည်းလမ်းများအပြင် ချင်းပြည်နယ်အတွင်း ကျေးလက်နေပြည်သူများရဲ့ သစ်၊ တိုင်၊ မျော၊ ထင်းလိုအပ်ချက်များကို တစ်ဘက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ ကျေးလက်အိမ်ရာစိုက်ခင်းများ၊ တစ်ရွာ တစ်ဧက၊ တစ် အိမ်ထောင် ကျွန်း(၃)ပင်၊ ယူကလစ်၊ သစ်မာအပင်(၂၀)စတဲ့ အထူးသစ်တောပြုစုထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများအပြင် ၂၀၀၈-၂၀၀၉ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ စိုက်ခင်းဧကပေါင်း(၉၅)ဧက၊ ကျွန်းပင်(၄၀၂၉၄)ပင်၊ သစ်မာပင်(၉၃၃၄၀)ပင်တို့ကို စိုက်ပျိုးတည်ထောင်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်ရှိ ဒေသခံပြည်သူများအနေနဲ့ မိမိတို့ စိုက်ပျိုးထားတဲ့ သစ်ပင်များကို အရွယ်ရောက်သည့်အခါမှာ မိမိတို့ရဲ့ ကျေးရွာအုပ်ချုပ်ရေးစနစ်အရ လွယ်လင့်တကူ သုံးစွဲနိုင်ကြမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ သစ်တောဦးစီးဌာနဟာ သစ်တောသယံဇာတအရင်းအမြစ်များ သဘာဝသစ်တောပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပြည်သူများရဲ့ သစ်တောထွက်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးကို ဟန်ချက်ညီညီ ထိန်းညှိဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်ကိုယ်စား တာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဌာနအကျိုးအတွက် သစ်နဲ့သစ်တောထွက်

ပစ္စည်းများ ရယူပိုင်ဆိုင်သုံးစွဲနေခြင်း မဟုတ်ပါ။ ချင်းပြည်နယ် အပါအဝင် နိုင်ငံအတွင်းရှိ ပြည်သူများဟာ ယနေ့မျက်မှောက်ကာလ သစ်တောများကို အသုံးပြုနိုင်ခြင်းသည် မိမိတို့ရဲ့ ဘိုးဘွားဘီဘင်များမှ ကာလကြာရှည်စွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး လက်ဆင့်ကမ်းအမွေကောင်းပေးခဲ့ခြင်းကြောင့်သာ ဖြစ်ပါတယ်။ လက်ရှိ နိုင်ငံသူ/ နိုင်ငံသားများအနေနဲ့လည်း ဘိုးဘွားဘီဘင်များမှ ရရှိထားသည့် အမွေခံကောင်းများကို ဆက်လက်ပြီး နောင်သားစဉ်မြေးဆက်ကို ပတ်ဝန်းကျင်အခြေအနေကောင်းများ လွှဲပြောင်းပေးနိုင်ရန် တာဝန်ရှိပါတယ်။

သို့ပါ၍ အသိအမြင်ကျယ်ပြန့်စွာ တွေးခေါ်စဉ်းစားပြီး နိုင်ငံတော်အတွင်းရှိ သစ်တောသယံဇာတ အရင်းအမြစ်များကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ခြင်းနှင့် စနစ်တကျသုံးစွဲခြင်းဖြင့် လက်ရှိကာလရင်ဆိုင်ကြုံတွေ့နေရတဲ့ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို ကာကွယ်နိုင်မည့်အပြင် နောင်လာနောင်သားများအတွက် ကောင်းမွန်လှပတဲ့ အနာဂတ် ပတ်ဝန်းကျင်အခြေအနေကောင်းများနဲ့ သစ်တောသယံဇာတအရင်းအမြစ်များကို အမွေခံကောင်းအဖြစ် လက်ဆင့်ကမ်းလွှဲပြောင်းပေးနိုင်မည် ဖြစ်သဖြင့် ဒေသခံပြည်သူများအပါအဝင် နိုင်ငံသူ/ နိုင်ငံသား အားလုံးက တစ်နည်းအားဖြင့် ချင်းပြည်နယ်နဲ့ ပတ်သက်လို့ ချင်းပြည်နယ်သူ/ပြည်နယ်သားအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှာဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဟိုက တင်ထားတာ ဦးဇုန်လှယ်ထန်း တင်ထားတဲ့ မေးခွန်းမှ မဟုတ်ဘဲ ထပ်ဆင့် မေးခွန်းမေးချင်ရင် ဟိုကပဲမေးလို့ရတယ်။ မရဘူး။ အတိအကျထပ်ပြီး မေးခွန်းတင်ပြရင် တင်ပြပေါ့။ ကြိုတင် တင်ပြပေါ့။ မေးခွန်းတစ်ခုမေးချင်ရင် ကြိုတင်တင်ပြရတယ်။ နည်းဥပဒေလေး ဘာလေး နည်းနည်းပြန်ဖတ်ထား။

**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် - မြိတ် - ကော့သောင်း မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှအေး က တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် - မြိတ် - ကော့သောင်း မဟာဓာတ်အားလိုင်းသွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးလှအေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ကိုယ်စားလှယ် ဦးလှအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်-မြိတ်-ကော့သောင်း မဟာဓာတ်အားလိုင်းသွယ်တန်းပေးရန် ကိစ္စနဲ့ပတ်သက်လို့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးဟာ မြန်မာပြည်ရဲ့ တောင်ဘက်စွန်းမှာ တည်ရှိပြီးတော့ ဆင်းရဲမှုရာခိုင်နှုန်း(၃၃)ရာခိုင်နှုန်းခန့်ရှိသော တိုင်းတစ်ခုဖြစ်ပါတယ်။ ဆင်းရဲမှုရာခိုင်နှုန်းအများဆုံးဖြစ်တဲ့ ချင်း

(၇၃)ရာခိုင်နှုန်းနှင့် ရခိုင်(၄၄)ရာခိုင်နှုန်း ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တတိယဆင်းရဲမှုနှုန်း မြင့်မားသော တိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းမှာ မီတာခများအနေနဲ့ ဆိုလို့ရှိရင် တစ်ယူနစ်ကို ထားဝယ်မှာက (၄၄၀)၊ လောင်းလုံမှာ က (၆၀၀)၊ ရေဖြူမှာက (၅၅၀)၊ သရက်ချောင်းမှာက (၅၅၀)၊ မြိတ်မှာက (၄၄၀)၊ ပုလောမှာက(၄၇၀)၊ တနင်္သာရီမှာက(၅၀၀)၊ ကျွန်းစုမှာက(၂၀၀)၊ ပြည်ကြီးမဏ္ဍိုင်မှာက(၆၂၀)၊ ကော့သောင်းမှာက(၃၇၀)၊ ခမောက်ကြီးမြို့နယ်ခွဲက(၆၉၀)၊ ဘုတ်ပြင်းမှာက(၅၀၀) အသီးသီးဖြင့် သုံးစွဲနေရတဲ့အတွက်ကြောင့်မို့လို့ အသေးစား၊ အလတ်စားနဲ့ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်မှု မရှိပါဘူး။ ဒီ ဈေးနှုန်းတွေဟာ အခြားတိုင်းနဲ့ ပြည်နယ်တွေမှာဝန်ထမ်းတွေ၊ သာမန်ပြည်သူတွေအနေနဲ့ သုံးစွဲနိုင်ခြင်းမရှိတဲ့ ဈေးနှုန်းများ ဖြစ်ကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ တစ်ဖက်ထိုင်းနိုင်ငံမှာ လျှပ်စစ်မီတာခက ဈေးနှုန်းဟာနဂိုတုန်းက (၃)ဘတ် အခု (၅)ဘတ်ဆိုလို့ရှိရင် မြန်မာငွေ(၁၅၀)ကျပ်ခန့်သာရှိပါတယ်။ အဌမအကြိမ်ပြည်ထောင်စုလွှတ်တော်မှာ လျှပ်စစ်ဒုတိယဝန်ကြီးကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ လျှပ်စစ်ဓာတ်အားရဲ့ အရေးပါမှုကို ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ သဘာဝဓာတ်ငွေ့နဲ့ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ အမြောက်အမြား ရှာဖွေပေးရာ တိုင်းတစ်ခုဖြစ်ပြီးတော့ ရတနာသဘာဝဓာတ်ငွေ့ ကနေပြီးတော့ ၁၉၉၈ ကနေ ၂၀၁၇ ခုနှစ်အထိ အမေရိကန်ဒေါ်လာ(၂၄)ဘီလီယံ၊ ရဲတံခွန်မှာ ၁၉၉၈-၂၀၂၉ ထိ (၁၇.၇) ဘီလီယံ၊ ဇော်တိက ၂၀၁၃ - ၂၀၄၂၊ (၁၃) ဘီလီယံ၊ ရွှေက(၃၀)နှစ် စီမံကိန်းနဲ့ အမေရိကန်ဒေါ်လာ (၂၉) ဘီလီယံ စသည်ဖြင့် နိုင်ငံခြားဝင်ငွေအမြောက်အမြားရှာဖွေပေးရာ တိုင်းတစ်ခုဖြစ်သော်လည်း ယနေ့အထိ နိုင်ငံတော်မှ မဟာဓာတ်အားလိုင်းဆောင်ရွက်ပေးနိုင်ခြင်း၊ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်များ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးကြောင်းကိုတွေ့ရှိရပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး ဆောင်ရွက်နေသော်လည်း ပုဂ္ဂလိကဈေးနှုန်းများဖြင့်သာ ဖြန့်ဖြူးနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်အစိုးရကနေပြီးတော့ တာဝန်ယူဖြန့်ဖြူးပေးမှသာလျှင် ပြည်သူများသက်သာသော နှုန်းထားဖြင့် သုံးစွဲနိုင်မှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးဟာ နိုင်ငံတော်အတွက် ဝင်ငွေမည်မျှပင် ရရှိစေကာမူ တနင်္သာရီတိုင်းပြည်သူများအနေနဲ့ မိမိတို့ရဲ့ စားဝတ်နေရေးပြေလည်စေဖို့အတွက် အများစုဟာ တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ် လုပ်ကိုင်နေကြရပါတယ်။ နိုင်ငံတော်အစိုးရကလည်း ပြည်သူများအတွက် ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ပြီးတော့ ပြည်သူများတစ်ဖက်နိုင်ငံမှ ပြန်လာနိုင်ရေး အလေးပေးဆောင်ရွက်နေတာကိုလည်း ကျွန်တော်တို့ပြည်သူများကသိရှိကြပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ လျှပ်စစ်စီမံကိန်းတွေ ဆောင်ရွက်သွားမယ်လို့လည်းသိရှိရပါတယ်။ ကံပေါက်ဒေသမှာ ယခင်စီမံကိန်း နေရာမှာအမှတ်(၂) လျှပ်စစ်ဝန်ကြီးဌာနနဲ့ ကြယ်နလာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် သဘာဝဓာတ်ငွေ့စက်ရုံ၊ မဂ္ဂါဝပ်(၂၀) စက်(၂)လုံး၊ ရေအားလျှပ်စစ်၊ ထားဝယ်မြို့၊ အညာဖျားရေအား လျှပ်စစ်စီမံကိန်း၊ Delco Co,Ltd ကနေပြီးတော့ (၆)မဂ္ဂါဝပ်၊(၄)လုံး၊ ကျွဲကူးကျေးရွာ၌ သန်းဖြိုးသူကုမ္ပဏီမှဆောင်ရွက်မည့် (၅၀)မဂ္ဂါဝပ်ရှိ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ၊ တနင်္သာရီမြို့ အထက်ဘက်(၃၅)မိုင်ခန့်အကွာ မေအွန်ကျေးရွာအနီး တနင်္သာရီမြစ်ပေါ်မှာ ITD CoLtd ကတည်ဆောက်မယ့် မေအွန်ရေအားလျှပ်စစ်စီမံကိန်း(၉၀၀)မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီးတော့ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းအတွက် ဖြစ်ပါတယ်။

ထားဝယ်ခရိုင်၊ မေတ္တာမြို့နယ်ခွဲမှာ ဆောင်ရွက်မည့် လေအားလျှပ်စစ်စီမံကိန်း Gunkul Engineerting Co,Ltd က(၂၀၀)မဂ္ဂါဝပ်စီမံကိန်း၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ မနိုးရုံးဒေသမှာ

24 Hour Mining & Industry Co,Ltd မှ ကျောက်မီးသွေး လောင်စာသုံး (၅၀၀) မဂ္ဂါဝပ်ဓာတ်အားပေး စီမံကိန်းစသည်တို့ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ တင်ပြချက်အရ လေ့လာသိရှိရပါတယ်။ အထူးစီးပွားရေးဇုန်မှာ သဘာဝဓာတ်ငွေ့သုံး (၃၆)မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံကို ၂၀၁၅ ခုနှစ်မှာအပြီးတည်ဆောက်မှာဖြစ်ကြောင်း ပထမအကြိမ်တိုင်းဒေသကြီးလွှတ်တော်သတ္တမပုံမှန် အစည်းအဝေးမှာ တိုင်းဒေသကြီးလျှပ်စစ်နဲ့ စက်မှုလက်မှုဝန်ကြီးက ဖြေကြားသွားတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ ယခုအခါမှာ မီတာခကျဆင်းရေးအတွက် အချို့ဒေသများမှာ မီတာခဈေးနှုန်းများနှင့် ပတ်သက်ပြီးတော့ ဖယောင်းတိုင်ထွန်းဆန္ဒဖော်ထုတ်နေကြောင်း တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးကပြည်သူတွေကလည်း မီတာခ(၄၅၀)ပေးနေရတဲ့အတွက်ကြောင့်မို့လို့ အစိုးရဈေးနှုန်း (၅၀)ကျပ်နဲ့ရရှိဖို့ ပိုပြီးထင်သာမြင်သာရှိအောင် မီးတုတ်ကြီးထွန်းပြီး ဆန္ဒဖော်ထုတ်ရမလို ဖြစ်နေပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) ပုဒ်မ ၉ ပုဒ်မခွဲ (က)မှာ တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ပြည်နယ်တို့ဟာ အဆင့်အတန်း တူညီကြတယ်။ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဂ)မှာ အများပြည်သူတို့၏နေထိုင်မှု အဆင့်အတန်းမြင့်တင်ရေးနှင့် အထွေထွေ အရင်းအနှီးများတိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်ရမည်။ အခန်း(၃) ပုဒ်မ ၆၅ မှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် အောက်ပါအတိုင်း ကတိသစ္စာပြုရမည်ဟု ပြဋ္ဌာန်းထားရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားအောင်ဆောင်ရွက်ပါမည်၊ ကျွန်ုပ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကျိုးငှာ နိုင်ငံတော်အား မိမိ၏အသက်နှင့် ကိုယ်ကိုအပ်နှင်းမည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုသည်ဟု ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာပြုခဲ့ပါတယ်။ ပုဒ်မ ၆၆ တွင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေနှင့် အခြားဥပဒေများက အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီး ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသဖြင့် တနင်္သာရီတိုင်းဒေသကြီး ပြည်သူများ၏ဆန္ဒကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတကြီးမှ အပြည့်အဝ ဖော်ဆောင်နိုင်မည်ဟု ပြည်သူများက မျှော်လင့် ယုံကြည်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက်ကို လွှတ်တော်မှ ဖော်ဆောင်ပေးနိုင်ရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။

(က) တနင်္သာရီတိုင်း ဒေသကြီးမှာ မြို့နယ်ပေါင်းစုံမှာ လက်ရှိ သုံးစွဲနေတာ မဂ္ဂါဝပ် (၂၂) မဂ္ဂါဝပ်ခန့်သာရှိပါသဖြင့် စီမံကိန်းမှ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်း မရှိဘဲ မည်သို့ဖြန့်ဖြူးသွားမည် ဥပမာအားဖြင့် ကျွန်တော်တို့ ကော့သောင်းမြို့မှာ မူလလျှပ်စစ်ဓာတ်အား (၂) မဂ္ဂါဝပ်ခန့်သုံးစွဲနေပါတယ်။ ဒါပေမဲ့ မဂ္ဂါဝပ် တိုးမြှင့်ထုတ်လုပ်ခဲ့တဲ့အခါမှာ မြို့တွင်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားကြိုးတွေ ခံနိုင်ရည် မရှိတဲ့အတွက်ကြောင့်မို့ ကြိုးအသစ်တိုင်အသစ်များ ထပ်မံတပ်ဆင်ခဲ့ရတဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းရှင်အတွက်လည်း အရင်းအနှီးတွေပိုပြီး ကုန်ကျခဲ့ရပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပိုတဲ့အတွက်ကြောင့်မို့လို့ စက်ကလည်း

မခံနိုင်ဖြစ်ပြီးတော့ မကြာခဏပျက်တဲ့ အတွက်ကြောင့်မို့လို့ ကျောက်မီးသွေးတစ်လှည့် ဒီဇယ်တစ်လှည့် လည်ပတ်နေရတဲ့ အတွက်ကြောင့်မို့လို့ လုပ်ငန်းရှင်အတွက်လည်း တွက်ခြေမကိုက်ဘူး ဖြစ်နေပါတယ်။

(ခ) ထားဝယ်မြို့ အညာဖျား ရေအားလျှပ်စစ်စီမံကိန်း Delco Co,Ltd က (၆)မဂ္ဂါဝပ်၊ (၄)လုံး စီမံကိန်းကလည်း ဒေသခံများ၏ လျော်ကြေးကိစ္စကို ကုမ္ပဏီကသာ ဆောင်ရွက်နေရပြီး ညှိနှိုင်းမရဘဲ ရပ်ဆိုင်းထားတဲ့အတွက်ကြောင့်မို့လို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး အစိုးရမှမည်သို့ဆောင်ရွက်သွားမည်။ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို (၂၀၀)ကျပ်ဖြင့် ရောင်းချမည်ဟု သိရတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်မှဝယ်ယူ၍ သတ်မှတ်ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလို ပါတယ်။

(ဂ) အနေနဲ့ ကျောက်မီးသွေးစက်ရုံမှ မူလ(၂၀၀)ဖြင့် ရောင်းချမည်ဟု ကြေညာခဲ့သော်လည်း တွက်ခြေမကိုက်တဲ့အတွက်ကြောင့်မို့လို့ (၃၇၀)ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချခဲ့ရပါတယ်။ လျှပ်စစ်ဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီးကလည်း ရေအားလျှပ်စစ် တစ်ယူနစ်ကို (၅၀၊ ၇၀)ကျပ် ကုန်ကျစရိတ်အနေနဲ့ ဆိုလို့ရှိရင်(၅၀၊ ၇၀)ကျပ် ကျောက်မီးသွေးက (၁၃၀)၊ ဒီဇယ်က(၃၉၀)ခန့် ကုန်ကျကြောင်း သိရှိရပါတယ်။ စီမံကိန်းများကိုလည်း ယခုကဲ့သို့ ဓာတ်အားခနှုန်းထားများ ကောက်ခံခြင်းအား ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ခွင့်ပြုဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိ။ နောင်အလားတူ စီမံကိန်းများကို ယခုကဲ့သို့ ခွင့်ပြုခြင်းဖြင့် လုပ်ငန်းရှင်ရော၊ ပြည်သူများသာနစ်နာမှုမရှိစေရေး ပညာရှင်များရှိတဲ့ ဝန်ကြီးဌာနမှ လျှပ်စစ်ထုတ်လုပ်မှု စနစ်အားစိစစ်ပြီး ဈေးနှုန်းအာမခံချက်ပေးနိုင်သော ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများသာ ခွင့်ပြုဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။

(ဃ) အနေနဲ့တော့ ကော့သောင်းမြို့၊ ကျောက်မီးသွေးစက်ရုံနဲ့ ကပ်လျက်ရှိတဲ့ ရပ်ကွက်မှ လူနေအိမ်အချို့မှာ ကျောက်မီးသွေးအမှုန့်များကျရောက်နေခြင်းအား ဝန်ကြီးဌာနမှ မည်ကဲ့သို့ဆောင်ရွက်ပေး သွားမည်ကိုလည်း သိရှိလိုပါတယ်။

(င) အနေနဲ့ ကော့သောင်းမြို့နယ်မှ တစ်ဖက်နိုင်ငံမှ လျှပ်စစ်သွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိကိုလည်း သိရှိလိုပါတယ်။ တကယ်လို့ ဆောင်ရွက်မည်ဆိုရင်လည်း မည်သည့်အချိန်မှာ ဆောင်ရွက်မယ်၊ မည်သည့် ဈေးနှုန်းနဲ့ ဖြန့်ဖြူးမယ်ဆိုတာကို လည်း သိရှိလိုပါတယ်။

(စ) အနေနဲ့ တနင်္သာရီဒေသကြီးအတွင်းမှာ ဆောင်ရွက်မယ့် လျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းတွေ မဟာဓာတ်အားလိုင်းစီမံကိန်းများ စီမံကိန်းဆောင်ရွက်မည်ဟု ဖော်ပြခြင်းထက် မည်သည့်နှစ်၌၊ မည်သည့်မြို့နယ်မှာ မည်သည့်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်၍ မည်သည့်ခုနှစ်တွင် ဖြန့်ဖြူးမည်အား တိကျခိုင်မာသော စီမံချက်များ ချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ထားဝယ်-မြိတ်-ကော့သောင်း မဟာဓာတ်အားလိုင်းနှင့် နှစ်အလိုက်ဆောင်ရွက်ရာမှာ ဆင်းရဲမှုနှုန်း မြင့်မားသော တိုင်းဒေသကြီးတစ်ခု ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်အစိုးရမှ

တာဝန်ယူပြီးတော့ နိုင်ငံတော် ချေးငွေ၊ နိုင်ငံတော်၏ငွေလုံးငွေရင်းဖြင့်လည်းကောင်း၊ ဒီသဘာဝဓာတ်ငွေ့ ရောင်းရငွေဖြင့်လည်းကောင်း၊ နိုင်ငံတော် ရန်ပုံငွေဖြင့်လည်းကောင်း အမြန်ဆုံး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးမော်သာထွေး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးမော်သာထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှအေး ၏ မေးခွန်းများအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့များတွင် မဟာဓာတ်အားလိုင်းစနစ် မရောက်ရှိသေး သဖြင့် မြို့၊ ရွာများအလိုက် ဒီဇယ်အင်ဂျင်သုံး ဓာတ်အားပေးစက်များ၊ အသေးစားရေအား လျှပ်စစ် စက်ရုံများဖြင့် ဓာတ်အားပေးခဲ့ပါတယ်။ ယခုအခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဟာဓာတ်အားလိုင်းနဲ့ ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များက ဥပဒေပြု စီမံခန့်ခွဲနိုင်ကြောင်း ဖော်ပြထားတဲ့ အတွက်ကြောင့်မို့လို့ တနင်္သာရီတိုင်းဒေသကြီး အတွင်း အသေးစား၊ အလတ်စားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါဒေသတွင် လက်ရှိအခြေအနေအရ မဟာဓာတ်အားလိုင်းစနစ် သွယ်တန်းနိုင်ခြင်း မရှိ သေးသဖြင့် ဒေသအတွင်းရှိ အသေးစား၊ အလတ်စား ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း၊ လက်ရှိ မြို့/ရွာများအတွင်း တည်ဆောက်ထားသော ဓာတ်အားလိုင်းများအား အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ နည်းလမ်းများဖြင့် တိုးချဲ့သုံးစွဲလာသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ထိုသို့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရာမှာ ရင်းနှီးမြှုပ်နှံမှုပမာဏများပြားသည့်အတွက် အစိုးရဘဏ္ဍာငွေတစ်ခုတည်းဖြင့်ဆောင်ရွက်ရန် မဖြစ်နိုင်တဲ့ အတွက်ကြောင့် ပုဂ္ဂလိကကဏ္ဍမှပါဝင်ဆောင်ရွက်စေလျက်ရှိပါတယ်။ အညာသားရေအားလျှပ်စစ်စီမံကိန်း ဟာ B.O.T စနစ်အခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနနှင့် DELCO ကုမ္ပဏီလီမိတက်တို့က နားလည်မှုစာချွန်လွှာ MoU ကို ၃၁-၁၂-၂၀၀၉ ခုနှစ်က လည်းကောင်း၊ DELCO ကုမ္ပဏီလီမိတက်၏ သီးခြားကုမ္ပဏီအဖြစ် ထပ်မံဖွဲ့စည်းထားတဲ့ သဘာဝ

စွမ်းအင်လိုင်းကုမ္ပဏီလီမိတက်ဟာ ပဋိညာဉ်စာချုပ်ကို ၁၇-၁-၂၀၁၁ ရက်နေ့မှာလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

သို့သော်လည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား(၂)၊ စာမျက်နှာ (၁၈၉)၊ အပိုဒ်(၄)၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားချက်အရ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းဟာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၃၁-၁၀-၂၀၁၂ ရက်နေ့မှာ ဝန်ကြီးဌာနမှ တရားဝင်လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါတယ်။ စီမံကိန်းမြေနေရာအတွက် ဒေသခံပြည်သူများ၏ ဥယျာဉ်၊ ခြံ၊ မြေများ၊ လယ်ယာမြေများအား လျော်ကြေးပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ကုမ္ပဏီတို့မှ ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ယင်းသို့ လျှပ်စစ်စီမံကိန်းများသည် သက်ဆိုင်ရာဒေသကြီးအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးကို တိုက်ရိုက်အထောက်အကူပြုမည့် စီမံကိန်းများဖြစ်၍ ပြည်သူများကလည်း ဒေသအကျိုးငှာ ပူးပေါင်းကူညီဆောင်ရွက်ကြရန် အထူးလိုအပ်တယ်လို့ ယုံကြည်ပါတယ်။ ထွက်ရှိလာတဲ့ ဓာတ်အားကို နိုင်ငံတော်မှဝယ်ယူ၍ သတ်မှတ်ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရန်အစီအစဉ်မှာ နိုင်ငံတော်မှတည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည့် မော်လမြိုင်-ရေး-ထားဝယ်-မြိတ် မဟာဓာတ်အားလိုင်း စီမံကိန်းကြီး ပြီးစီးမှုအပေါ်မှာ အခြေခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကော့သောင်းမြို့ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့စီမံမှုဖြင့် သန်းဖြိုးသူကုမ္ပဏီမှ ဓာတ်အားပေးလျက်ရှိပါတယ်။ ကျောက်မီးသွေးစက်ရုံဟာ (၈)မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီးတော့ ၁-၉-၂၀၁၂ ခုနှစ်နေ့မှ စတင်လည်ပတ်ခဲ့ပါတယ်။ ကျောက်မီးသွေးဖြင့် ဓာတ်အားပေးပါက တစ်ယူနစ်(၂၀၀)ကျပ်ခန့်အထိကုန်ကျပြီး ဓာတ်အားပေးနိုင်သော်လည်း ကော့သောင်းမြို့၏ ဓာတ်အားသုံးစွဲသူဟာ (၅၇၃၆)ဦးသာရှိပြီးတော့ အများဆုံး သုံးစွဲဝန်အားမှာ (၂.၂)မဂ္ဂါဝပ်သာရှိတဲ့အတွက်ကြောင့်မို့လို့ သုံးစွဲဝန်အား အလွန်နည်းပါးသည့်အတွက် ကျောက်မီးသွေးစက်ရုံ၏ သဘောသဘာဝအရ ဝန်အားအနည်းငယ်ဖြင့် စက်လည်ပတ်မောင်းနှင်မရသဖြင့် မြို့နေပြည်သူများ လတ်တလောလျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန် ဒီဇယ်စက်ဖြင့် လည်ပတ်မောင်းနှင် ဓာတ်အားပေးနေရပြီး သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်တဲ့ တစ်ယူနစ်(၃၇၀)ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း ပြည်နယ်တိုင်းဒေသကြီးအစိုးရနဲ့ လုပ်ငန်းရှင်များ နစ်နာမှုမရှိစေရေး ညှိနှိုင်းဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။

ကော့သောင်းမြို့ ကျောက်မီးသွေးစက်ရုံနဲ့ ကပ်လျက်ရှိသော ရပ်ကွက်မှ လူနေအိမ်အချို့ ကျောက်မီးသွေးပြာမှုန့်များ ကျရောက်နေခြင်း ကိစ္စဟာ သက်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလေ့လာရေးအဖွဲ့ EIA လူမှုပတ်ဝန်းကျင်ထိခိုက်ရေးလေ့လာမှု SIA တို့မှ ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိပြီးတော့ Electrostatic Precitator System (EPS) တပ်ဆင်ထားခြင်းကြောင့် ထွက်ရှိလာမယ့် အမှုန့်များကို စုပ်ယူထားနိုင်မယ်ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ စက်ရုံဝင်းအတွင်းမှာ ပုံထားတဲ့ ကျောက်မီးသွေးပုံကိုလည်း လေတိုက်ခတ်မှုနည်းပါးစေရေးအတွက် ပတ်ဝန်းကျင်မှာ ကျောက်မီးသွေးအမှုန့်များ လွင့်စင်မှုမရှိစေရေး ရေဖြန်းပေးခြင်း၊ အကာအရံများ ပြုလုပ်ထားခြင်းရှိကြောင်းလည်း ဒါ သိရှိရပါတယ်။

ကော့သောင်းမြို့နှင့် အနီးတစ်ဝိုက်ကျေးရွာများဟာ ထိုင်းနိုင်ငံမှ ဓာတ်အားရယူဖြန့်ဖြူးရန် သန်းဖြိုးသူကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်အားခ နှုန်းထားမှာ ထိုင်းနိုင်ငံမှ ရောင်းချသည့်

ဈေးနှုန်းအပေါ် မူတည်၍ ပြည်သူများအတွက် သက်သာစွာ သုံးစွဲနိုင်မည့် သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ရောင်းချသွားမှာ ဖြစ်ကြောင်းသိရှိရပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ရေဖြူမြို့နယ်၊ ကံပေါက်တွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်အတွက် Star Sapphire Co,Ltd နှင့် Andaman Power and Utitity Co, Ltd တို့ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာကို MoU ကို ၁၁-၄-၂၀၁၃ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ ကနဦးဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအရ ပထမအဆင့်(၅၁.၆)မဂ္ဂါဝပ်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် လည်းကောင်း၊ ဒုတိယအဆင့်အဖြစ်နဲ့ (၅၃.၁)မဂ္ဂါဝပ်ကို ၂၀၁၅ ခုနှစ်၊ ဇွန်လတွင်လည်းကောင်း၊ တတိယအဆင့်ဖြစ်တဲ့ (၃၃၆.၈) မဂ္ဂါဝပ်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင်လည်းကောင်း၊ B.O.T စနစ်ဖြင့် အဆင့်ဆင့်တည်ဆောက်ရန် လျာထားတင်ပြထားပါတယ်။

အဆိုပါဖြစ်မြောက်မှုအစီရင်ခံစာကိုလည်း အသေးစိတ်လေ့လာညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် မော်လမြိုင်-ရေး-ထားဝယ်(၂၃၀)KV ဓာတ်အားလိုင်း စီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်းမှာ ဓာတ်အားလိုင်းအူကြောင်း တိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါဓာတ်အားလိုင်းအတွက် လိုအပ်သောငွေကြေးကို ပြည်ပချေးငွေ ရရှိရေးအတွက် အဆိုပြုညှိနှိုင်းလျက်ရှိပါတယ်။ ထားဝယ်-မြိတ်-ကော့သောင်း (၂၃၀)KV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ မြိတ်-ဘုတ်ပြင်း-ကော့သောင်း (၂၃၀) KV ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း တည်ဆောက်ရန်လျာထား ထားပါတယ်။ စီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လျာထားငွေ ခွင့်ပြုချက် ရရှိသည်နှင့် တစ်ပြိုင်နက် တင်ဒါခေါ်ဆိုခြင်း၊ နိုင်ငံခြားမှပစ္စည်းများ မှာယူတင်သွင်းခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းအားလုံး စုစုပေါင်းကာလကြာမြင့်မှာကတော့ (၂)နှစ်ခွဲခန့်အထိ ကြာမြင့်မှာဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသုံးစွဲမှုမှာ လက်ရှိအခြေအနေမှာ မြို့နယ်အသီးသီး၌ သက်ဆိုင်ရာမီးလင်းရေးကော်မတီများ၊ ကုမ္ပဏီများမှာ ဒီဇယ်ဓာတ်အားပေး စက်များ၊ ကျောက်မီးသွေး ဓာတ်အားပေးစက်များဖြင့် ထုတ်လုပ်ပေးလျက်ရှိပြီး တစ်ယူနစ်ဓာတ်အားခနှုန်းမှာ အနည်းဆုံး(၃၇၀)ကျပ်မှ အများဆုံး(၆၅၀)ကျပ်အထိရှိကြောင်းသိရပါတယ်။ အများပြည်သူများအား လက်ရှိဓာတ်အားခနှုန်းထက်လျှော့နည်း သက်သာစွာသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း ဓာတ်အား ရရှိနိုင်မည့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်း၊ ရေအားလျှပ်စစ်စီမံကိန်း၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ စီမံကိန်းများအား ပြည်ပချေးငွေ သို့မဟုတ် ရင်းနှီးမြှုပ်နှံမည့် ပြည်တွင်း/ပြည်ပ ကုမ္ပဏီအဖွဲ့အစည်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီးလည်း ဖြစ်ပါတယ်။

အဆိုပါ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ထွက်ရှိလာမယ့် ဓာတ်အားများကို တိုင်းဒေသကြီးအတွင်း တစ်မြို့နှင့်တစ်မြို့ ဓာတ်အားပေးနိုင်ဖို့အတွက် National Gridနဲ့ ချိတ်ဆက်ဓာတ်အားပေးနိုင်ရန် အထက်တွင်တင်ပြခဲ့သည့် ဓာတ်အားခွဲရုံကြီးများနှင့် ဓာတ်အားလိုင်း တည်ဆောက်ခြင်းများကို နှစ်အလိုက်လျာထားဆောင်ရွက်လျက်ရှိပြီ ဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းကြီးများ ပြီးစီးပါက

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများ အပြည့်အဝ ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**စက်မှုဇုန်များမှ ထုတ်လုပ်ခဲ့သည့် အရည်အသွေးနိမ့်ကျသော မော်တော်ယာဉ်များအတွက် ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှုတွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က စက်မှုဇုန်များမှထုတ်လုပ်ခဲ့သည့် အရည်အသွေးနိမ့်ကျသော မော်တော်ယာဉ်များအတွက် ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံမှုတွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကော်မရှင်အဖွဲ့ဝင်ပညာရှင်ကြီးများအားလုံး ဒီနေ့အစည်းအဝေးကို ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ စက်မှုဇုန်များမှ ထုတ်လုပ်ခဲ့တဲ့ အရည်အသွေးနိမ့်ကျတဲ့ မော်တော်ယာဉ်တွေကို ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံမှု အစီအစဉ်မှာ ထည့်သွင်းဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ ယာဉ်အို၊ ယာဉ်ဟောင်းတွေကို ဖျက်သိမ်းရန်အတွက် အပ်နှံစေပြီးတော့ မော်တော်ယာဉ်တင်သွင်းခွင့်တွေကို ထုတ်ပေးတဲ့အတွက်ကြောင့်မို့လို့ ပြည်သူတွေဟာ ခရီးသွားလာပို့ဆောင်ရေးမှာ ယခင်ကထက်များစွာအဆင်ပြေချောမွေ့လာပါတယ်။ ယာဉ်ဟောင်းတွေကြောင့်မို့လို့ ခံစားနေရတဲ့၊ ကြုံတွေ့နေရတဲ့အန္တရာယ်တွေလည်း လျော့ကျသွားပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ဖေဖော်ဝါရီလ(၁၅)ရက်နေ့ကပဲစပြီးတော့ ဒီ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်စည်ပင်သာယာရေး နယ်နိမိတ်တွေထဲမှာ ဟိုင်းလပ်ယာဉ်တွေနဲ့ ခရီးသည် ပို့ဆောင်နေတာတွေကို ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ဒီလိုမျိုး ယာဉ်အို၊ ယာဉ်ဟောင်းတွေကို အပ်နှံစေပြီးတော့ တင်သွင်းခွင့်ပြုတာဟာ ဒီ ပြည်ထောင်စုအစိုးရ လက်ထက်မှာမှ ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ ယာဉ်သစ်တွေ တင်သွင်းခွင့်မရှိသေးခင်ကာလတုန်းကတော့ ပြည်တွင်းစက်မှုဇုန်တွေကနေပြီးတော့ မော်တော်ယာဉ်တွေ ထုတ်ဖို့ဆိုပြီးတော့ ဒီအစီအစဉ်ကို တွန်းအားပေးပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့ အခါမှာ စက်မှုဇုန်တွေကနေပြီးတော့ အားလုံးလည်းသိပြီးဖြစ်ပါတယ်။ ယာဉ်နှစ်မျိုးနှစ်စား ထွက်ရှိလာပါတယ်။ တစ်ခုကကျတော့ နိုင်ငံခြားကတရားမဝင်တင်သွင်းပြီးတော့ ယာဉ်တွေကို ဖြတ်ဆက်ပြီးတော့ စက်မှုဇုန်ထုတ်ယာဉ်ဆိုပြီးတော့ လုပ်တာမျိုးရှိပါတယ်။ နောက်တစ်ခါအမှန်တကယ် စက်မှုဇုန်တွေမှာ တပ်ဆင်ထုတ်လုပ်တဲ့ စက်မှုဇုန်ထုတ် မော်တော်ယာဉ်တွေလည်း ရှိခဲ့ပါတယ်။ အဲဒီ့ စက်မှုဇုန်ထုတ် မော်တော်ယာဉ်တွေဟာဆိုရင်တော့ အရည်အသွေးဟာတော်တော်ကိုနိမ့်ကျပါတယ်။ နိုင်ငံတကာစံချိန်စံညွှန်းမီ တပ်ဆင်ထုတ်လုပ်တာမဟုတ်ဘဲနဲ့ မော်တော်ကားဘော်ဒီရုံနဲ့ ဝပ်ရှော့သာသာ တွဲဆက်ပြီးတော့ ထုတ်လုပ်ခဲ့တဲ့အခါကျတော့ အင်မတန်မှ အန္တရာယ်လည်းကြီးပါတယ်။

ဒါပေမဲ့ အဲဒီခေတ်၊ အဲဒီအခါတုန်းက ပြည်သူတွေဟာ ဒီ စက်မှုဇုန်ထုတ် မော်တော်ယာဉ်တွေ ကလွဲပြီးတော့ ယာဉ်သစ်ဝယ်ယူနိုင်ခွင့်လည်း မရှိပါဘူး။ မရှိတဲ့အတွက်ကြောင့်မို့လို့ ဒီယာဉ်တွေကိုပဲ အလေးထားပြီးတော့ သုံးစွဲနေရတာ ဖြစ်ပါတယ်။ အခုဆိုလည်း လမ်းမတွေပေါ်မှာ ဒီ စက်မှုဇုန်ကနေ အစစ်အမှန်ထုတ်လုပ်လိုက်တဲ့ မော်တော်ယာဉ်တွေကို တွေ့မြင်နေရပါတယ်။ တော်တော်ကို ခနော်နီ ခနော်နဲ့သွားနေရတာပါ။ ဒီ အဝေးပြေးလမ်းမတွေပေါ်မှာရော၊ မြို့တွင်းမှာရော အင်မတန်မှ အန္တရာယ် ကြီးပါတယ်။ ဒါပေမဲ့ စက်မှုဇုန်ထုတ်မော်တော်ယာဉ်တွေ ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ မော်တော်ယာဉ် လိုင်စင်နံပါတ်တွေကကျတော့ မြင့်နေတဲ့သဘောရှိပါတယ်ခင်ဗျား။ မြင့်နေတဲ့အခါကျတော့ ဒီ ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံတဲ့ စနစ်အတိုင်းသာ စောင့်နေရမယ်ဆိုရင် သူတို့တွေက တော်တော်နောက်ကျမှ ဒီ ဟာကိုဆောင်ရွက်ရမှာဖြစ်ပါတယ်။ မြို့တွင်းမှာလည်း ဒီလိုသွားလာစီးနင်းနေတဲ့အခါမှာ တော်တော်ကြီး ကို ဆိုးဆိုးဝါးဝါးကြီးကို ကြုံခိုင်မှုအန္တရာယ်က ကျဆင်းနေတဲ့အခါကျတော့ အန္တရာယ်လည်း အင်မတန်မှ ကြီးပါတယ်။

ဒီအတွက်ကြောင့်မို့လို့ ဒီမော်တော်ယာဉ်တွေကို ဝယ်ယူသုံးစွဲခဲ့ရတဲ့ ပြည်သူတွေရဲ့ နစ်နာ ဆုံးရှုံးမှုကို ကုစားပေးနိုင်ဖို့အတွက် ဒီ အရည်အသွေးနိမ့်ကျတဲ့ ဒီ စက်မှုဇုန်ထုတ်မော်တော်ယာဉ်တွေကို လိုင်စင်အက္ခရာနံပါတ်စဉ်အတိုင်း စောင့်စားနေတာမျိုး မဟုတ်ဘဲနဲ့ အန္တရာယ်ရှိတဲ့ အခြေအနေတွေကို လက်တွေ့ကျကျ သုံးသပ်ပေးပြီးတော့ ယာဉ်အို၊ ယာဉ်ဟောင်းအဖြစ် အပ်နှံဆောင်ရွက်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ ဆောင်ရွက်ဖို့ အစီအစဉ်ရှိတယ်ဆိုရင်လည်း ဘယ်လိုအချိန်မျိုးမှာ စတင်ဆောင်ရွက်ပေးမယ် ဆိုတာကို သိရှိလိုတဲ့အတွက်ကြောင့်မို့လို့ အများပြည်သူတွေအတွက်အကျိုးငှာ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် အပြုသဘော မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၅။**

**ဦးချန်မောင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည် တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးအမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းတဲ့ စက်မှုဇုန်များမှာထုတ်လုပ်ခဲ့တဲ့ အရည်အသွေးနိမ့်ကျတဲ့မော်တော်ယာဉ်များအတွက် ယာဉ်အို၊ ယာဉ်ဟောင်း အပ်နှံမှုမှာ ထည့်သွင်းဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းအတွက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင် မှ ဖြေကြားတင်ပြ သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

၂၀၀၁ ခုနှစ်ကစပြီးတော့ စက်မှုဇုန်ထုတ် မော်တော်ယာဉ်များကို စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက် ရေးကော်မတီရဲ့ စံနှုန်းသတ်မှတ်ချက်၊ ခွင့်ပြုချက်နဲ့ သက်ဆိုင်ရာ စက်မှုဇုန်များအလိုက် ဖွဲ့စည်းထားတဲ့

ကော်မတီများရဲ့ ကြီးကြပ်မှုနဲ့ ထုတ်လုပ်ခဲ့ကြပါတယ်။ ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်တဲ့ မော်တော်ယာဉ်တွေမှာ စက်မှုဝန်ကြီးဌာနနဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတို့ ပူးပေါင်းပါဝင်တဲ့ One Stop Service အဖွဲ့နဲ့ ယာဉ်စစ်ဆေးပြီးတော့ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိရာမှာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလကုန်ရက်အထိ စက်မှုဇုန်ထုတ်မော်တော်ယာဉ် စုစုပေါင်း (၉၆၆၄၈)စီး မှတ်ပုံတင်ထားပြီး ဖြစ်ပါတယ်။ ယာဉ်အမျိုးအစားများ အနေနဲ့တော့ လူစီးယာဉ်များဖြစ်တဲ့ စတေရှင်ဝက်ဂွန်၊ ဂျစ်၊ အခြား ယာဉ်များဖြစ်တဲ့ သူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ခရီးသည်တင်ယာဉ်များ ဖြစ်တဲ့ ဘတ်(စ်)၊ မိုက္ကရိုဘတ်(စ်)၊ ကုန်တင်ယာဉ်များဖြစ်တဲ့ လိုက်ထရပ်၊ ထရပ်စတဲ့ အမျိုးအစားတွေထုတ်လုပ်ခဲ့ကြပါတယ်။ ယခုအထိလည်း ထုတ်လုပ်မှုကို ခွင့်ပြုထားနေဆဲ ဖြစ်ပါတယ်။

လက်ရှိဆောင်ရွက်နေတဲ့ ယာဉ်အို၊ ယာဉ်ဟောင်းများ အပ်နှံဖျက်သိမ်းပြီးတော့ အစားထိုးတင်သွင်းခြင်း စီမံချက်ကို ၁၁-၉-၂၀၁၁ ရက်နေ့မှ စပြီးတော့ နိုင်ငံပိုင်သတင်းစာများမှာ သတင်းထုတ်ပြန်ကြေညာခဲ့ပါတယ်။ ပထမအဆင့်အနေနဲ့ကတော့ ၁၉-၉-၂၀၁၁ ရက်နေ့က စပြီးတော့ မှတ်ပုံတင်သက်တမ်း (၄၀)နှစ်ကျော်ဖြစ်တဲ့ (စ)ကနေ(ဇ)အထိအက္ခရာများကိုလည်းကောင်း၊ ဒုတိယအဆင့်အနေနဲ့ ၈-၁၁-၂၀၁၁ ရက်နေ့မှာ အနှစ်(၃၀)ကျော်မှ အနှစ်(၄၀)အတွင်းဖြစ်တဲ့ (ဈ)၊ (ည) အက္ခရာယာဉ်များကိုလည်းကောင်း၊ တတိယအဆင့်အနေနဲ့ ၂-၁-၂၀၁၁ ရက်နေ့မှာ အနှစ်(၂၀)ကျော်နဲ့ အနှစ်(၃၀)အတွင်းမှာ ဖြစ်တဲ့ (ဏ)မှ (အ) အက္ခရာအထိ ယာဉ်များကိုလည်းကောင်း၊ ဒါအပြင် လေလံပြန်လည် မှတ်ပုံတင်ယာဉ်များကိုလည်း ၁၂-၇-၂၀၁၂ ရက်နေ့မှစ၍ လည်းကောင်း၊ အငှားယာဉ် Taxi ဖြင့် မှတ်ပုံတင်ထားတဲ့ ယာဉ်တွေကိုလည်း ပိုင်ရှင်ရဲ့ ဆန္ဒအရဖျက်သိမ်းပြီးတော့ ရာသက်ပန်အငှားယာဉ် Taxi အဖြစ်သာ တင်သွင်းရန်အတွက် ၁၈-၆-၂၀၁၂ ရက်နေ့မှစ၍လည်းကောင်း စီမံချက်နဲ့ ဖျက်သိမ်းဆောင်ရွက်ခဲ့ရာမှာ ၁၄-၂-၂၀၁၄ ရက် ပြီးခဲ့တဲ့ သောကြာနေ့အထိ စုစုပေါင်းယာဉ် (၁၂၁၉၉၂)စီး ဖျက်သိမ်းအပ်နှံပြီး ဖြစ်ပါတယ်။

ယနေ့အထိလည်း သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ မှတ်ပုံတင်သက်တမ်း(၂၀)ကျော် ယာဉ်များဖြစ်တဲ့ (စ)မှ(အ)အက္ခရာအထိလည်းကောင်း၊ လေလံနဲ့ရောင်းချထားတဲ့ လေလံယာဉ်များအား လည်းကောင်း၊ ရာသက်ပန် Taxi ယာဉ်အဖြစ် မှတ်ပုံတင်ပေးတဲ့ Taxi များအား လည်းကောင်း၊ ယာဉ်အို၊ ယာဉ်ဟောင်းအဖြစ် သတ်မှတ်ပြီးတော့ အပ်နှံဆောင်ရွက်ပေးလျက်ရှိပါတယ်။ စက်မှုဇုန်ထုတ် မော်တော်ယာဉ်များကို ၂၀၀၁ ခုနှစ်ကနေစပြီးတော့ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ဒီနေ့အထိတော့ မှတ်ပုံတင်သက်တမ်းအနှစ်(၂၀)ကျော်ကာလသို့ မရောက်ရှိသေးပါဘူး။ သို့သော်လည်း ပြည်တွင်းစက်မှုဇုန်ထုတ်မော်တော်ယာဉ်အချို့ဟာ အရည်အသွေးကျဆင်းတဲ့အတွက်ကြောင့် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် ပြုပြင်ပြင်ဆင်မှုများစွာ ပြုလုပ်နေရကြောင်းကိုလည်း ကျွန်တော်တို့ စစ်ဆေးတွေ့ရှိရပါတယ်။

အဲဒီအတွက်ကြောင့် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ခြင်း မရှိတဲ့ စက်မှုဇုန်ထုတ်မော်တော်ယာဉ်များကို ထုတ်လုပ်ပြီးမှ အချိန်ကာလတစ်ခု သတ်မှတ်ပြီးတော့ ပိုင်ရှင်ရဲ့ ဆန္ဒအရ ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံမှုမှာ ထည့်သွင်းဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၀၀။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယဝန်ကြီးက အခုလိုဖြေကြားသွားတာကို အင်မတန်မှကျေးဇူးတင်ပါတယ်။ အန္တရာယ်ရှိတဲ့ အခြေအနေကို အခုလိုလက်တွေ့ကျကျ သုံးသပ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ မှန်ပါတယ် ခင်ဗျား။ ဒီ စက်မှုဇုန်ထုတ်ယာဉ်တွေဟာ အနှစ်(၂၀)ဆိုတဲ့ သတ်မှတ်ချက်နဲ့တော့ ဘယ်လိုမှ ဘောင်ဝင်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ထုတ်လုပ်သည့်မှ အချိန်ကာလတစ်ခုအထိလို့ ဖြေကြားသွားတာ ရှိပါတယ်။ အဲဒါက အချိန်ကာလဘယ်လောက်ဆိုတာကို သတ်မှတ်နိုင်မယ်ဆိုတာကို တိတိကျကျသိချင်ပါတယ်။ နောက်ပြီးတဲ့အခါကျတော့ ဒီလိုအချိန်ကာလ သတ်မှတ်တဲ့အခါမှာလည်း စထုတ်ကတည်းကိုက တော်တော်ကို အရည်အသွေး နိမ့်ကျရင် (၅)နှစ်၊ (၁၀)နှစ်ဆိုတဲ့ (၁၀)နှစ်တောင် မခံပါဘူးခင်ဗျား။ (၅)နှစ်လောက်မှာတင်ကို (၃)၊(၄)၊(၅) နှစ်မှာတင်ကို တော်တော်ချုံးချုံးကျသွားတဲ့ အနေအထားမျိုးတွေလည်း ရှိနေတဲ့အခါကျတော့ ဒီအချိန်ကာလလေးကို တစ်စိတ်လောက် ပြန်လည်ဖြေကြားပေးဖို့ လေးလေးစားစား မေးမြန်း အပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၀၂။**

**ဦးချန်မောင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ခုနကတင်ပြသွားတဲ့အထဲမှာ ကျွန်တော်တို့ အချိန်ကာလတစ်ခုအထိ သတ်မှတ်ပြီးတော့ ပိုင်ရှင်ရဲ့ဆန္ဒအရ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုမှာ ထည့်သွင်းဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြခဲ့ပါတယ်။ ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ရမယ့်အချက်တွေကတော့ မှတ်ပုံတင်သက်တမ်းနှစ်ဘယ်လောက်နဲ့ သတ်မှတ်ပြီးတော့ အမှန်အပ်နှံခွင့်ပြုသင့်သလဲ။ အဲဒီဟာကိုပဲ Statistics လက်ရှိရှိနေတဲ့ ယာဉ်တွေရဲ့ အခြေအနေကို ကျွန်တော်တို့ ပြန်ပြီးတော့ စိစစ်ရမယ့်အနေအထား ရှိပါတယ်။

အလားတူပဲ အပ်နှံခွင့်ပြုရာမှာ သက်တမ်းနှစ်ကိုသာမက အရည်အသွေးနဲ့လည်း သတ်မှတ်ဖို့ လို/မလိုပေါ့။ တကယ်လို့သတ်မှတ်ဖို့လိုမယ်ဆိုရင် အဲဒီအရည်အသွေးကို ဖျက်သိမ်းခွင့်ပေးဖို့ မပေးဖို့ ဆိုတာ ကျွန်တော်တို့ဘယ်လိုထိန်းချုပ်မလဲ။ ဒါတွေလည်းကျွန်တော်တို့ခုနက ပြောတဲ့သက်ဆိုင်ရာ အဖွဲ့ဌာနအဖွဲ့အစည်းတွေနဲ့ညှိနှိုင်းရမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ အပ်နှံတဲ့ယာဉ်ရဲ့ Type ပေါ့၊ ခုန ကျွန်တော်တင်ပြသွားတဲ့ထဲမှာ ပါ ပါတယ်။ ကျွန်တော်တို့ ဒီလူစီးယာဉ်လား၊ ကုန်တင်ယာဉ်လား အခြားယာဉ်လားစသည်ဖြင့် အဲဒီဟာတွေကို ကျွန်တော်တို့လက်ရှိအနေအထားအားဖြင့်ကတော့ ကျွန်တော်တို့ဖျက်သိမ်းတဲ့ ယာဉ်နဲ့ အမျိုးအစားတူတဲ့ယာဉ်ကိုပဲ ပြန်လည်ပြီးတော့ အပ်နှံခွင့်ပေးခဲ့တဲ့ အခြေအနေ ရှိပါတယ်။ အခု ဇုန်ထုတ်ယာဉ်တွေကိုလည်း အဲဒီလိုပဲလုပ်ကြမလား၊ ဒါတွေကိုလည်း ကျွန်တော်တို့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ပြန်ပြီး သတ်မှတ်ရမှာ ဖြစ်ပါတယ်။

အလားတူပဲ ကျွန်တော်တို့ ခုဒီလိုမျိုး ယာဉ်အိုယာဉ်ဟောင်းအပ်နှံခြင်းကို ပြည်သူများအနေနဲ့ လိုအပ်ချက်ရှိနေတဲ့ အနေအထားက ကျွန်တော်တို့က အခွန်ကောက်ခံမှု အနေအထားလေးတွေမှာ ထိုက်သင့်တဲ့ လျှော့ပေါ့မှုလေးတွေ ပေးခဲ့တာရှိပါတယ်။ ကျွန်တော်တို့ထိုက်သင့်တဲ့လျှော့ပေါ့မှုကတော့ အချို့ဆိုရင် (၄၀)ရာခိုင်နှုန်းပေးပါတယ်။ အချို့ဆိုရင် (၆၀) ရာခိုင်နှုန်းပေးပါတယ်။ အချို့ယာဉ်တွေကို အခုလက်ရှိ အနေအထားအရ (၈၀)ရာခိုင်နှုန်းထိ ပေးပါတယ်။ အဲဒီအတွက်ကြောင့်ယခု ဖျက်သိမ်းမယ့်

စက်မှုဇုန်ထုတ်ကားတွေကိုလည်း ဘယ်လောက်ရာခိုင်နှုန်းထိ ပေးသင့်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ပြန်ပြီးတော့ ဆွေးနွေးညှိနှိုင်းရမှာဖြစ်ပါတယ်။

အလားတူပဲ ပြန်ပြီးတော့တင်သွင်းတဲ့ယာဉ်တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ပြန်တင်သွင်းတဲ့ ယာဉ်ကိုတန်ဖိုးသတ်မှတ်ထားဦးမလား။ ဒါမှမဟုတ်ရင်လည်း လွတ်လပ်စွာပေါ့၊ လူစီးယာဉ်ဆိုရင် ကျွန်တော်တို့ခုအပ်တဲ့ယာဉ်က ဂျစ်လိုမျိုး အပ်ပြီးတော့ Luxus လိုမျိုးစသဖြင့် Mercedes လိုမျိုးယာဉ်တစ်အားတန်ဖိုးကြီးတဲ့ ယာဉ်တွေကိုပဲအပ်နှံရမလား၊ ဒါလေးတွေကိုလည်း ကျွန်တော်တို့ ဆွေးနွေးရမှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွားတဲ့ကိစ္စကို ကျွန်တော်တို့ လက်ရှိအနေအထားအရ ကျွန်တော့်အနေနဲ့ တင်ပြနိုင်ခြင်းမရှိသေးပါဘူး။ အမြန်ဆုံးဖြစ်အောင် ကျွန်တော်အဲဒီကိစ္စကို ဆက်လက်ပြီးတော့ ဆောင်ရွက်တင်ပြသွားမှာဖြစ်ပါကြောင်း ပြန်လည်ပြီးတော့ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကိုဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူမှုမှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်၏ ခေါင်းစဉ်ပြင်ဆင်ချက်

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ် လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၃ (ဃ)-

၃။ (ဃ) စီးပွားရေးလုပ်ငန်းရှင်တို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် အလေးထားလိုက်နာခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသော အပြုအမူများဖြစ်ပေါ်စေရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၃(ဃ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ (ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၉ (ဂ)-

၉။ (ဂ) အခြားကုမ္ပဏီတစ်ခုခု၏ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကိုခိုင်မာသောထောက်ပံ့မှုနှင့် အာမခံမှုပြုခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၉(ဂ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ (ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၁၁

၁၁။ စီးပွားရေးလုပ်ငန်းရှင်သည် မူလက ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သတ်မှတ်ထားသော ကာလအတွင်းရောင်းချရန် သို့မဟုတ် ကမ်းလှမ်းထားသော၊ အရောင်းမြှင့်တင်ထားသော၊ ကြေညာထားသော ပမာဏ၊ အရေအတွက်အတိုင်း ရောင်းချရန် အစီအစဉ်မရှိဘဲ ယင်းတို့ကို အချိန်ကာလတစ်ခုအတွင်း အထူးဈေးနှုန်းဖြင့်ရောင်းချရန် ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် ကြေညာခြင်းတို့မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၁၇ (က)(ဂ)-

၁၇။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်

(က) စားသုံးသူအငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်း ပေးခြင်း၊ ဖြေရှင်းပေးခြင်း၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ၏စာဖြင့်သော် လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း တိုင်ကြားမှုကိုလက်ခံစစ်ဆေးခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(က) (ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(က)၊(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၁၉

၁၉။ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ သည် စီးပွားရေး လုပ်ငန်းရှင်က ပုဒ်မ ၇ ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၈ တွင် ဖော်ပြထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက အောက်ပါအရေးယူမှု တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသောအရေးယူမှုများကိုဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၂၀

၂၀။ ပုဒ်မ ၁၉ ပါ အရေးယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည်ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း(၆၀) အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၃၀

၃၀။ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် စားသုံးသူ အငြင်းပွားမှုများကို ဆုံးဖြတ် ဖြေရှင်းဆောင်ရွက်ရာတွင် လိုအပ်ပါက တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော စားသုံးသူ

အကာအကွယ်ပေးရေး အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အကြံဉာဏ်များကို ရယူဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၃၁(ခ)

၃၁။ (ခ) ဝန်ကြီးဌာနနှင့်ဗဟိုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၁(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၁(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဗိုလ်မှူးချုပ်ကျော်ဦးလွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင် ဖြစ်ပြီး တော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကိုဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ်

စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ - ၆၃

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၃-၂-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေး နိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်း ဥပဒေကြမ်း ကို ၁၀ - ၂ - ၂၀၁၄ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ The Myanmar Auxiliary Forces Act (Vol.II) (မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေ)သည် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး လွတ်လပ်ရေးရပြီး နောက် ဆက်ခံကျင့်သုံးခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိကြောင်း၊ ယနေ့ကာလတွင် အသက်(၁၈)နှစ်အောက် လူငယ်များစစ်မှုထမ်းဆောင်ခြင်းအား နိုင်ငံတော်နှင့်တပ်မတော်မှ လုံးဝလက်ခံခြင်းမရှိတော့ဘဲ လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ဦးတည် ဆောင်ရွက်ပေးနေပါကြောင်း၊ မူလဥပဒေသည် ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေနှင့် ဆီလျော်မှုမရှိသဖြင့် ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကလည်း အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ။

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော် က အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ရဲညွှန့် တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် က အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကိုဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၀-၂-၂၀၁၄ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် ( ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]